## စီစဉ်သူရဲ့ အမှာစကား

ကျွန်တော့်အသက် ၆၀ ပြည့်တဲ့ ၂၀၀၆ ခုနှစ်၊ မေလကစတင်ပြီး အမှတ်တရ အဖြစ် **အမှတ်တရရွှေ ၆၀ (ဝတ္ထုတို အပုဒ် ၆၀ စုစည်းမှု)** ကို စတင်ထုတ်ဝေခဲ့ရာ ဒီနှစ်မှာ **အမှတ်တရရွှေ ၆၄ (ဝတ္ထုတို ၆၄ ပုဒ် စုစည်းမှု)** ကို စီစဉ်ခဲ့ပြီး ဖြစ်ပါတယ်။ ၆၀ ကို စီစဉ်စဉ်ကာလကတည်းက စာရေးဆရာတစ်ယောက်ကို တစ်ပုဒ်နှုန်းနဲ့သာ ရွေးချယ်ဖော်ပြခဲ့တာကြောင့် ဒီနှစ်မှာ စာရေးဆရာ ၆၄ ယောက်တို့ရဲ့ ဝတ္ထုတို ၆၄ ပုဒ်ကို စုစည်းရပါတယ်။ ရွှေအမြုတေထုတ်ဝေခဲ့တဲ့ နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ စာရေးဆရာ တစ်ယောက်တစ်ယောက်ကို အပုဒ် ၃၀ မက ရေးခဲ့ကြပါတယ်။ အဲဒီအထဲကမှ တစ်ပုဒ်ကိုပဲ ရွေးချယ်ဖော်ပြတာကြောင့် ဒီနှစ်ရွေးချယ်မှုက ၂၀၀၀ ပြည့်နှစ်အထိ ရောက်ရှိလာခဲ့ပါတယ်။

စာမူများကို ပြန်ရွေးရင်း ပြန်ဖတ်မိတဲ့အခါ တစ်ချိန်တစ်ခါက ရွှေအမြုတေမှာ ကလောင်သွေးခဲ့ကြပေမယ့် အခုတော့ စာပေနယ်မှာ မလှုပ်ရှားကြတော့တဲ့ကလောင်များစွာကို တွေ့ရပါတယ်။ စာရေးကောင်းသူတွေ ဖြစ်ခဲ့ကြတဲ့အတွက် ကျွန်တော့်ဘက်က နှမြောမိတာ အမှန်ပါပဲ။ **အမှတ်တရရွှေ ၆၃** ထွက်ပြီးချိန်မှာ တချို့ကလောင်ဟောင်းများ စာမူပြန်ပို့လာကြတာကို တွေ့ရတော့ ကျွန်တော် ပီတိဖြစ်ရပါတယ်။ သူတို့စိတ်ထဲမှာလည်း တစ်ချိန်တုန်းက သူတို့ရေးခဲ့တဲ့စာတွေဟာ ဒီနေ့ထက်ထိ မှတ်ကျောက်တင် ခံနိုင်နေဆဲဖြစ်တာကို တွေ့သွားတဲ့အခါ စာရေးလိုစိတ် တဖွားဖွား ပေါ်ပေါက်လာပြီး ရေးခဲ့ကြဟန် တူပါတယ်။ ဘာပဲဖြစ်ဖြစ် စာမျက်နှာများပေါ်မှာ နှစ်ပေါင်းများစွာ ပျောက်ကွယ်တိမ်မြုပ်နေတဲ့ သူတို့ကလောင်နာမည်များ ပြန်လည်မြင်တွေ့ရတာဟာ ဝမ်းသာစရာတစ်ခု ဖြစ်ပါတယ်။

ဒီနေ့ စာပေလောကဟာ ရသကို အရသာခံနေရမယ့်အချိန် မဟုတ်တော့ဘဲ အိုင်တီခေတ်ဖြစ်တာနဲ့အညီ သတင်းများကိုသာ ဦးစားပေးနေကြတဲ့အချိန်ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒါကြောင့်လည်း ရသစာပေဟာ ပျောက်ကွယ်လုမတတ် တိမ်ကောလာခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ယုံကြည်တဲ့ အချက်တစ်ခုကတော့ အိုင်တီပညာတွေ ဘယ်လောက်ပဲထွန်းကားပါစေ၊ ရသစာပေကတော့ လုံးဝကွယ်ပျောက်သွားမှာ မဟုတ်ပါဘူး။ ရသကို ဖက်တွယ်ထားမယ့်သူတွေ ရှိနေဦးမှာပဲလို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ရသစာပေထွန်းကားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွှေအမြုတေစာပေဆုကို တည်ထောင်ပြီး ၂၀၀၆ ခုနှစ်ကစလို့ နှစ်စဉ်ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ရသစာပေအတွက် ကျွန်တော်တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားလို့တော့ ရမှာမဟုတ်ပါ။ ဆရာ၊ ဆရာမတို့ကလည်း ရသစာပေများကို မြတ်မြတ်နိုးနိုးနဲ့ ဖန်တီးပေးကြမှသာလျှင် ရသစာပေဟာ တစ်ခေတ်တစ်ခါကလို အရှိန်အဝါကြီးမားလာမှာပါ။ ဝမ်းရေးအတွက် တခြားအသက်မွေးဝမ်းကျောင်းများနဲ့ လှုပ်ရှားကြရင်း ရသစာပေကို ဆောင်ရွက်ကြမယ်ဆိုရင် မလွဲမသွေ ကျွန်တော်တို့မျှော်မှန်းတဲ့ ရသစာပေခေတ်ကို တစ်ကျော့တစ်ဖန် ပြန်လည်ရောက်ရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့မျိုးဆက်များအတွက် သမိုင်းပေးတာဝန်လိုဖြစ်နေတဲ့ ရသစာပေထွန်းကားရေးကို တတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်းပေးကြပါလို့ အလေးအနက် တိုက်တွန်းလိုက်ပါရစေ။

လေးစားစွာဖြင့်

ဝင်းငြိမ်း

မာတိကာ


| | | |
|---|---|---|
| စီစဉ်သူရဲ့အမှာစကား | | |
| ၁။ ညပိုင်ရှင် | ခက်မာ | ၁၁ |
| ၂။ ပြတ်တောက်လွင့်ပျံ | ချွေဦးမြင့် | ၂၁ |
| ၃။ ရိုက်ချက် | နေဝင်းမြင့် | ၂၉ |
| ၄။ ပွင့်လင်းချင်လှတယ် | လွန်းထားထား(ဆေးတက္ကသိုလ်) | ၄၃ |
| ၅။ ရေသည်ယောကျ်ားနှင့် ဆဒ္ဒန်ဆင်မင်း | ဝင်းစည်သူ | ၃၅ |
| ၆။ မြူ | သုမျုးငြိမ်း | ၆၅ |
| ၇။ မျက်မမြင်မိုး | အာကာ | ၇၃ |
| ၈။ ကျောင်းပြေး | နုနုရည်အင်းဝ | ၈၃ |
| ၉။ အချစ်ဆူး | နိုင်မြသူ(စက်မှုတက္ကသိုလ်) | ၈၉ |
| ၁၀။ နှလုံးလှဆရာမ | လူပန်းငယ် | ၉၇ |
| ၁၁။ သိပ်ချစ်တယ်ပြောပြီး | မြနန္ဒာကျော်(ဆေး-၁) | ၁၀၇ |
| ၁၂။ တောင်များကိုကျော်ဖြတ်ခြင်း | မိုးချိုသင်း | ၁၁၉ |
| ၁၃။ ရတာနာသုံးပုံရှိမန်တစ် | ဆူးငှက် | ၁၂၉ |
| ၁၄။ အစာအိမ်ရောဂါ | အရှုပ်ဝါဝိုးမိုး | ၁၃၉ |
| ၁၅။ ဂန္ဓဝင် | နှင်းဆေငြိမ်း | ၁၄၅ |
| ၁၆။ ခေတ္တ တိုကျို(ဂျပန်) | မိုးလမင်း | ၁၅၅ |
| ၁၇။ နှောင်ဖွဲ့ချင်သည် | မဆူး | ၁၆၅ |
| ၁၈။ နိဂုံးမဲ့အစ | မဝင့်(မြစ်ငယ်) | ၁၇၉ |
| ၁၉။ သား | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၁၈၉ |
| ၂၀။ ကောင်းကင်နှစ်ခု | ကိုငြိမ်း(မန္တလေး) | ၂၀၁ |
| ၂၁။ အဝေးဆုံးက အနီးဆုံးမှာ | ကိုချစ် | ၂၀၉ |
| ၂၂။ ခရီးဖော် | ခင်ခင်ထူး | ၂၂၃ |
| ၂၃။ သူ့ကံ | မီမိုး | ၂၃၃ |
| ၂၄။ တံခါးဖွင့် နီကိုတင်း | အောင်ဘာလေ | ၂၄၃ |
| ၂၅။ ရပ်ကွက် | မောင်ကိုကို(အမရပူရ) | ၂၅၁ |
| ၂၆။ ငါ့ရင်မှာ တစိမ့်စိမ့်သာနေတဲ့လမင်း | သရဝဏ်(ပြည်) | ၂၆၅ |
| ၂၇။ အဖော် | ကြူးနှစ် | ၂၇၅ |
| ၂၈။ အိပ်မက်ထဲက အလွမ်းနှင်းဆီ | ခင်ချွေဦး | ၂၈၇ |
| ၂၉။ ဓိဝိတဒါန | မောင်ထွေးဦး(ရန်ကုန်တက္ကသိုလ်) | ၂၉၅ |
| ၃၀။ ဘာလိုသေးလဲ အမေရယ် | မဦး | ၃၀၅ |
| ၃၁။ လမ်း၌တွေ့သော ဝတ္ထုတစ်ပုဒ် | စင်သန့် | ၃၁၇ |
| ၃၂။ အိမ်အိုဟောင်းလေးတစ်အိမ် | ဗြိမ့်သဲ | ၃၂၉ |
| ၃၃။ ငွေ ၁၀၀၀ိ/-၏တန်ဖိုး | သုမောင် | ၃၃၉ |
| ၃၄။ နှင်းဆီနှင့်ခရေ ကြွေရချင်းအတူတူ | တင်မြင့်ဦး(သံတွဲ) | ၃၄၅ |
| ၃၅။ ယကြာ | သျှင်ထွေးဟန်(ယဉ်ကျေးမှုတက္ကသိုလ်) | ၃၅၃ |
| ၃၆။ ကောက်ရသောစာတစ်စောင်(၂) ဒုတိယပြစ်မှု | ကြည်အေး | ၃၆၇ |
| ၃၇။ ထွက်ရပ်ပေါက် | ဦးချွေ(ဒဿနိက) | ၃၇၇ |
| ၃၈။ ဘွဲ့ခါတ်ပုံလေးတစ်ပုံ | ကိုလှိုင်ကြည်ဝင်း | ၃၈၅ |
| ၃၉။ ခွင့်လွှတ်ရန်ဖြစ်ပါသည် နွယ် | သင်းရီ | ၃၉၅ |
| ၄၀။ လူနှစ်ယောက်နှင့် ဟောစာတမ်း | ဒေါင်းနေမင်း | ၄၁၃ |
| ၄၁။ တံလျှပ်တောအုပ် | ကျော်ခန့်လူ | ၄၂၁ |
| ၄၂။ တူးရှင်းတစ်ချောင်း၏ အတ္တုပ္ပတ္တိ | ယဉ်ယဉ်နု(မန္တလေး) | ၄၂၉ |
| ၄၃။ ငြိတွယ်ခြင်း | မေခင် | ၄၃၇ |
| ၄၄။ ခရီးဆောင်မျက်ရည် | ကိုလွန်း(ပမ္မဝတီ) | ၄၄၅ |
| ၄၅။ စုတ်ပြဲသွားသော ပုဆိုးကြမ်းတစ်ထည် | ကိုမောင်ငွေးသိန်း(ပွေးလှ) | ၄၅၉ |
| ၄၆။ ခြေထောက်များ | မောင်ဖုန်းနွယ်(ပြည်) | ၄၇၅ |
| ၄၇။ ဝိရောစိလူ | ဆင်တဲဝ-မြတ်မင်း | ၄၈၁ |
| ၄၈။ တောင်တန်းများရဲ့သတ်ပုံ | စုကောက်စိမ်း(ကလေးရွှေ) | ၄၉၇ |
| ၄၉။ ဘဝအိပ်မက် | အနီ(မန္တလေး) | ၅၀၇ |
| ၅၀။ ဘဝမြင့်သို့ မရောက်မီ | သစ္စာပိုင်စိုး | ၅၁၃ |
| ၅၁။ တောသူ | မေငြိမ်း | ၅၁၉ |
| ၅၂။ ဘယ်သူအနေခက်တယ် | မောင်ရဲလူ | ၅၂၉ |
| ၅၃။ သံသယလမ်းခွဲ | ကိုခ | ၅၄၃ |
| ၅၄။ ရုပ်ဆိုးမ ကွမ်းတောင်ကိုင် | မောင်ကိုတိုး(ခင်ဦး) | ၅၅၅ |
| ၅၅။ မနက်ဖြန်ဆို ကြာမှာစိုးလို့ ဒီနေ့ပဲ ပေးခဲ့မယ် | ကိုဆေး(ပစိဖိတ်ကမ်းခြေ) | ၅၆၃ |
| ၅၆။ သံစဉ်မှားသော သီချင်းတစ်ပုဒ် | အာယု | ၅၇၉ |
| ၅၇။ ဆေးချက် | ထက်ငြိမ်းဝေ | ၅၈၇ |
| ၅၈။ ငွေရှက်နီစို့ ပွင့်တံချို့ ညို့ညို့ကြေးနီ ဘယ်မျှနည်း | ညီဘွား | ၅၉၉ |
| ၅၉။ ငှက်တောင်ကျွတ် | ကျော်ညိုလွင်(ကျောက်ဆည်) | ၆၁၁ |
| ၆၀။ အသုဘရှု | သန်းထွန်းဇော် | ၆၂၅ |
| ၆၁။ ဘာရန့်မှမပါသော ဘဝ၏မှတ်စု | ဝေမျုးသွင် | ၆၃၃ |
| ၆၂။ ဆုတောင်း | လွန်းမောင်မောင် | ၆၄၃ |
| ၆၃။ မျှော်လင့်ခြင်းမနက်ဖြန် | အောင်ငြိမ်းလူ | ၆၅၇ |
| ၆၄။ အတွင်းလူ | မောင်ရင့်မာ(ကျောင်းကုန်း) | ၆၆၇ |